# အဆာဟိအုပ်စု၏ လူ့အခွင့်အရေးဆိုင်ရာအခြေခံမူများ

အဆာဟိအုပ်စုသည် "မျှော်မှန်းထားသည်ထက်ပိုမိုသော အရသာရှိမှုနှင့် ပျော်ရွှင်ဖွယ်လူနေမှုပုံစံ ယဉ်ကျေးမှုအား ဖန်တီးခြင်း" ကို အကောင်အထည်ဖော်ရန် ထုတ်ကုန်၊ ဝန်ဆောင်မှုများဆိုင်ရာဂုဏ်နှင့် ကမ္ဘာတစ်ဝှမ်းရှိ ဝန်ထမ်းများ၏ စိတ်အားထက်သန်မှုဖြင့် ပေါင်းစည်းထားသော ကမ္ဘာလုံးဆိုင်ရာကုမ္ပဏီအုပ်စုဖြစ်သည်။ ဂျပန်နိုင်ငံတွင် အခြေပြုသော်လည်း ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ကြွယ်ဝပြီး မတူကွဲပြားသော အမွေအနှစ်များကို ပိုင်ဆိုင်ထားပြီး အထူးသဖြင့် မြေကမ္ဘာနှင့် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းအကြား ရေရှည်တည်တံ့သော ဆက်ဆံရေးအတွက် အထူးအလေးထား ဆောင်ရွက်လျှက်ရှိပါသည်။

အဆာဟိအုပ်စု၏ လူ့အခွင့်အရေးဆိုင်ရာအခြေခံမူများ (နောက်ပိုင်းတွင် " လူ့အခွင့်အရေးအခြေခံမူများ" ဟုသာ သုံးစွဲသွားမည်) သည် "အဆာဟိအုပ်စု၏ သဘောထားခံယူချက်"၊ "အဆာဟိအုပ်စု၏ စံသတ်မှတ်ချက် ကျင့်ထုံး" နှင့် "အဆာဟိ အုပ်စု၏ ရေရှည်တည်တံ့ရေးအခြေခံမူ" တို့တွင် အခြေခံပြုထားသော လူ့အခွင့်အရေးဆိုင်ရာ အမြင့်မားဆုံး မူသဘောတရားဖြစ်၍ အဆာဟိအုပ်စုတစ်ခုလုံး၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု အားလုံး အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။

ကျွန်ုပ်တို့၏ လူ့အခွင့်အရေးအခြေခံမူများသည် အဆာဟိအုပ်စုဝင်ကုမ္ပဏီများမှ အရာရှိများ၊ ဝန်ထမ်းများ[၁*] အားလုံးနှင့်သက်ဆိုင်စေရမည်။ ထို့အပြင် ကျွန်ုပ်တို့သည် ပေးသွင်းသူများအပါအဝင် အားလုံး သော စီးပွားဖက်မိတ်ဆွေများကိုလည်း ဤအခြေခံမူများကိုနားလည်ပြီး လိုက်နာကျင့်သုံးရန် တိုက်တွန်းထားပြီး ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းလည်ပတ်မှုများတွင် လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့်ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် လက်တွဲလုပ်ဆောင်သွားပါမည်။

အဆာဟိအုပ်စုဦးပိုင်လီမိတက်၏ ဒါရိုက်တာအဖွဲ့သည် အဆာဟိအုပ်စုဝင်ကုမ္ပဏီများ၏ လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် ကတိကဝတ်များကို လေးစားလိုက်နာမှုနှင့် အကောင်အထည်ဖော်မှုတို့ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

---

၁။ "အဆာဟိအုပ်စုဝင် ကုမ္ပဏီများမှ အရာရှိများ၊ ဝန်ထမ်းများ"ဆိုသည်မှာ အဆာဟိအုပ်စုဝင်ကုမ္ပဏီတိုင်း၏ ဒါရိုက်တာများ၊ စာရင်းစစ်များ၊ အမှုဆောင်အရာရှိများ၊ အဆာဟိအုပ်စုဝင်ကုမ္ပဏီများနှင့် အလုပ်စာချုပ်များကိုအခြေခံ၍ လုပ်ငန်းတာဝန်ဆောင်ရွက်နေသူများ၊ ပူးတွဲတာဝန် ချထားခံရသူဝန်ထမ်းများနှင့် ယာယီဝန်ထမ်းများလည်းပါဝင်သည်။

## လူ့အခွင့်အရေးကို လေးစားလိုက်နာရန် သန္နိဋ္ဌာန်ပြုခြင်း

ကျွန်ုပ်တို့သည် သုတေသနနှင့်ဖွံ့ဖြိုးရေး၊ ဝယ်ယူရေးမှသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများပံ့ပိုးပေးခြင်း အထိ လုပ်ဆောင်ချက်များသည် လူ့အခွင့်အရေးနှင့် သဘာဝဝန်းကျင်အပေါ် သက်ရောက်နိုင်ခြေ သို့မဟုတ် အမှန်တကယ်သက်ရောက်နိုင်ကြောင်း နားလည်သဘောပေါက်ထားပါသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲခြင်း၊ လေထု၊မြေဆီလွှာနှင့် ရေထုညစ်ညမ်းခြင်း စသည်တို့ကြောင့် ပေါ်ပေါက်လာသည့် ဇီဝမျိုးကွဲများဆုံးရှုံးခြင်းသည် အားလုံးသော လူ့အခွင့်အရေးများအား အဓိကခံစားပိုင်ခွင့်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ထိခိုက်စေနိုင်ကြောင်းကိုလည်း နားလည်ထားပါသည်။

ကျွန်ုပ်တို့သည် နိုင်ငံတကာက အသိအမှတ်ပြုထားသော "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေကြမ်း"[၂] နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)၏ "လုပ်ငန်းခွင်ဆိုင်ရာအခြေခံမူများ နှင့် အခွင့်အရေးများဆိုင်ရာကြေညာစာတမ်း"[၃] တွင် ဖော်ပြထားသည့်အတိုင်း လူ့အခွင့်အရေးကို လေးစားလိုက်နာပါသည်။

ထို့အပြင် ကျွန်ုပ်တို့သည် "စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ၏ လမ်းညွှန်မူဝါဒ"[၄] နှင့်အညီ စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ရာသီဥတုပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ခွဲခြားဆက်ဆံမှု၊ ဆင်းရဲမွဲတေမှု အစရှိသော လူမှုဆိုင်ရာပြဿနာများကို တိုက်ဖျက်သွားမည်ဖြစ်ပြီး လူ့အခွင့်အရေးဆိုင်ရာ လုံ့လထား စစ်ဆေးခြင်းကိုဆောင်ရွက်ကာ ရေရှည်တည်တံ့သော လူ့အဖွဲ့အစည်းကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် "သန့်ရှင်းပြီး ကျန်းမာကာ ရေရှည်တည်တံ့သော ပတ်ဝန်းကျင်တစ်ခုရရှိပိုင်ခွင့်" ကို လေးစားပါသည်။ အဆာဟိအုပ်စုဦးပိုင်လီမိတက်သည် UN Global

---

[၂]။ "အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေကြမ်း"သည် "အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း"နှင့် ၎င်း၏ဆက်စပ်စာချုပ်များဖြစ်သော "နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်"၊ "နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးစာချုပ်" ဆိုသည့် စာချုပ်စာတမ်း ၃ စောင်ကို ပေါင်းစည်းခေါ်ဝေါ်ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းသည် နိုင်ငံသားအားလုံးနှင့် နိုင်ငံအားလုံးတို့ရရှိနိုင်သည့် ဘုံစံနှုန်းများအဖြစ် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကာကွယ်သင့်သည့် အခြေခံလူ့အခွင့်အရေးများကို သတ်မှတ်ပြဋ္ဌာန်းထားသည်။

[၃]။ ဤ (ILO ကြေညာစာတမ်း)သည် "လွပ်လပ်စွာ အသင်းအပင်းဖွဲ့ပိုင်ခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့်"၊ "အဓမ္မခိုင်းစေမှုပပျောက်ရေး"၊ "ကလေးလုပ်သားခိုင်းစေမှု ထိရောက်စွာဖျက်သိမ်းရေး"၊ အလုပ်အကိုင်နှင့် အလုပ်ခွင်တွင်ခွဲခြားဆက်ဆံမှုပပျောက်ရေး" နှင့် "ဘေးကင်းပြီးကျန်းမာရေးနှင့်ညီညွတ်သော အလုပ်ခွင်ပတ်ဝန်းကျင်"တို့ကို အလုပ်လုပ်ကိုင်ရာတွင် ထားရှိရမည့် အနိမ့်ဆုံးစံသတ်မှတ်ချက်များအဖြစ်ချမှတ်ထားသည်။

[၄]။ "စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ၏ လမ်းညွှန်မူဝါဒ" သည် ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှအတည်ပြုခဲ့ပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးတွင်ဆိုးကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံများနှင့် စီးပွားရေးလုပ်ငန်းများ၏မျှော်မှန်းထားသည့် အပြုအမူများအတွက် နိုင်ငံတကာလမ်းညွှန်ချက်တစ်ခုဖြစ်လာခဲ့သည်။

Compact တွင် လက်မှတ်ရေးထိုးထားသည့်အလျှောက် ယင်းမှချမှတ်ထားသော အခြေခံမူ ၁၀ ချက်ကိုလည်း ထောက်ခံထားပါသည်။

ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်နေသည့် နိုင်ငံ၊ ဒေသများအားလုံးတွင် ကျွန်ုပ်တို့၏လုပ်ငန်းနှင့် သက်ဆိုင်သည့် ဥပဒေ၊ စည်းမျဉ်းများကို နားလည်သဘောပေါက်ပြီး လေးစားလိုက်နာလျှက်ရှိပါသည်။ အကယ်၍ နိုင်ငံတိုင်း၏ ဒေသတစ်ခုချင်းစီ၏ ဥပဒေနှင့် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများသည် နိုင်ငံတကာက လက်ခံထားသည့်လူ့အခွင့်အရေးကို အပြည့်အဝအကာအကွယ်ပေးခြင်းမရှိပါက နိုင်ငံတကာက အသိအမှတ်ပြု ထားသည့်လူ့အခွင့်အရေးကို အမြင့်မားဆုံးလေးစားလိုက်နာသည့်နည်းလမ်းများကို ရှာဖွေမည်ဖြစ်ပါသည်။ ထို့အပြင် လူ့အခွင့်အရေးကာကွယ်သူများကို ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ ကိုယ်ထိလက်ရောက် သို့မဟုတ် ဥပဒေပိုင်းဆိုင်ရာ တိုက်ခိုက်မှုများကို လက်ခံမည်မဟုတ်ပါ။

## လူ့အခွင့်အရေးဆိုင်ရာ လုံ့လထားစစ်ဆေးခြင်း

ကျွန်ုပ်တို့သည် "စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ၏ လမ်းညွှန်မူဝါဒ"၄ နှင့်အညီ အဆာဟိအုပ်စု၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်ရန်၊ တားဆီးရန်နှင့် လျှော့ချနိုင်ရန်အတွက် လုံ့လထားစစ်ဆေးပါမည်။

ကျွန်ုပ်တို့သည် ကိုယ်တိုင်က လူ့အခွင့်အရေးကို ချိုးဖောက်မှုမပြုလုပ်သည့်အပြင် ပေးသွင်းသူများကဲ့သို့သော စီးပွားဖက်မိတ်ဆွေများအပါအဝင် သက်ဆိုင်သူများအားလုံးသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးရန် ကြိုးပမ်းဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးချိုးဖောက်မှုကို ဖြစ်ပေါ်စေခဲ့သည် သို့မဟုတ် ချိုးဖောက်အောင်ပံ့ပိုးရာရောက်ခဲ့ကြောင်းသိရှိရပါက စီးပွားဖက်မိတ်ဆွေများနှင့် အတူလက်တွဲ၍ သင့်လျော်သည့် အရေးယူမှုများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

အဆာဟိအုပ်စု၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကြောင့် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် နောင်တွင် အလားတူကိစ္စရပ်များ ထပ်မံမဖြစ်ပွားစေရန်အတွက် သင့်တော်သည့် တုံ့ပြန်ဆောင်ရွက်မှုများကို ချမှတ်နိုင်ရန်အလို့ငှာ ထိခိုက်နစ်နာခဲ့သည့် သက်ဆိုင်သူများ၏ သဘောထားအမြင်ကို နားလည်ရန်မှာ အထူးအရေးကြီးသည်ဟု ယုံကြည်ထားပါသည်။ ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်း

ဆောင်ရွက်မှုများနှင့်ပတ်သက်သည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို လူ့အခွင့်အရေးကာကွယ်သူများ အပါအဝင် သက်ဆိုင်သူအားလုံးတို့နှင့် အချိန်နှင့် တပြေးညီ ဝေမျှရင်း နှစ်ဖက် ထိတွေ့ဆက်ဆံမှုတွင် စိတ်ရင်းမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပြီး ကျွန်ုပ်တို့၏ အားထုတ်လုပ်ဆောင်မှု များကို ထင်ဟပ်စေမည်ဖြစ်ပါသည်။

## စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စများ

ကျွန်ုပ်တို့သည် လူ့အခွင့်အရေးဆိုင်ရာ လုံ့လထားစစ်ဆေးခြင်းအားဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်ပတ်သက်သော အရေးပါသည့် လူ့အခွင့်အရေးဆိုင်ရာပြဿနာများကို အောက်ပါ အတိုင်းဖော်ထုတ်တွေ့ရှိခဲ့ပါသည်။

- ခွဲခြားဆက်ဆံခြင်း- ကျွန်ုပ်တို့သည် မတူကွဲပြားခြင်း၊ သာတူညီမျှမှုနှင့် ပါဝင်မှု (DE&I) တို့ကို အားပေးပြီး လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးကို လေးစားပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံသား၊ လူမျိုး၊ နိုင်ငံသားဖြစ်မှု၊ ကိုးကွယ်သည့်ဘာသာ၊ ယုံကြည်ချက်၊ ကျား/မ၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ ကျား/မ လက္ခဏာ၊ လိင်စိတ်တိမ်းညွတ်မှု၊ နိုင်ငံရေးသို့မဟုတ် အခြားသော အယူအဆ၊ အလုပ်အကိုင်အခြေအနေ၊ အခြားသော နိုင်ငံအသီးသီး၊ ဒေသအသီးသီး၏ ဥပဒေဖြင့် အကာအကွယ်ပေးထားသော သီးခြားအချက်များကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်း၊ လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကို လုပ်ဆောင်မည် မဟုတ်ပါ။

- အနှောက်အယှက်ပေးခြင်း - ကျွန်ုပ်တို့သည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ တစ်ဖက်သား ကို ထိခိုက်နစ်နာစေနိုင်သော နှုတ်အမူအယာ၊ ကိုယ်အမူအယာအားဖြင့် နှောက်ယှက်မှုတို့ကို လုပ်ဆောင်မည်မဟုတ်ပါ။

- အဓမ္မခိုင်းစေခြင်းနှင့် ကလေးလုပ်သားများခန့်ထားခြင်း - ကျွန်ုပ်တို့သည် အဓမ္မခိုင်းစေခြင်းနှင့် ကလေးလုပ်သားများခန့်ထားခြင်းမပြုလုပ်ပါ။ ထို့အပြင် လူကုန်ကူးမှုအပါအဝင် ခေတ်သစ်ကျွန်ပြုမှုပုံစံများ ကို လက်ခံမည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကလေးများ၊ အမျိုးသမီးများနှင့် ရွှေ့ပြောင်းလုပ်သားများသည် လူ့အဖွဲ့အစည်းတွင် အထိရှအလွယ်ဆုံးနှင့် ဘေးဖယ်ခံအထားရဆုံး ဖြစ်သည်ဆိုခြင်းကို အသိအမှတ်ပြုပါ

သည်။ ကျွန်ုပ်တို့သည် UN Global Compact နှင့် အခြားသောနိုင်ငံတကာလူ့အခွင့်အရေးဥပဒေများပါ အခြေခံမူများအပေါ် ကျွန်ုပ်တို့၏သန္နိဋ္ဌာန်နှင့်အညီ "ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများနှင့် စီးပွားရေးဆိုင်ရာအခြေခံမူများ"၊ "အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံးပပျောက်ရေး သဘောတူစာချုပ်"၊ "ရွှေ့ပြောင်းလုပ်သားများနှင့် ယင်းတို့၏မိသားစုများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်" တို့ကို လေးစားလိုက်နာပါသည်။

- လွတ်လပ်စွာ အသင်း ဖွဲ့ပိုင်ခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့် - ကျွန်ုပ်တို့သည် လွတ်လပ်စွာ အသင်း ဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့်ကိုလေးစားပါသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်လျှက်ရှိသောနိုင်ငံ၊ ဒေသ တို့တွင် လွတ်လပ်စွာ အသင်း ဖွဲ့စည်းပိုင်ခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့်ဆိုင်ရာအခွင့်အရေးကို အသိအမှတ် မပြုပါက သို့မဟုတ် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီခြင်းမရှိပါက ဝန်ထမ်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အစားထိုးနည်းလမ်းကို ထူထောင်ပြီး အဆိုပါအခွင့်အရေးများကို လေးစားလိုက်နာသည့် နည်းလမ်းကို ရှာဖွေပါမည်။

- လုပ်ငန်းခွင်ဘေးကင်းမှုနှင့် ကျန်းမာရေး - ကျွန်ုပ်တို့သည် လုပ်ငန်းခွင် ဘေးကင်းမှု၊ ကျန်းမာရေး တို့နှင့်ပတ်သက်သော ဥပဒေ၊ စည်းမျဉ်းများနှင့် ၎င်းတို့အား ကျင့်သုံးပုံတို့ကို စစ်ဆေးပြီး၊ ဘေးကင်းပြီး ကျန်းမာသည့် အလုပ်ခွင်ပတ်ဝန်းကျင်ကို ဖန်တီးပေးပါမည်။

- အလုပ်ချိန်နှင့် လုပ်အားခ - ကျွန်ုပ်တို့သည် အလုပ်ချိန်နှင့်ပတ်သက်သည့် နိုင်ငံတကာစံနှုန်းများ၊ ထို့ပြင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသောနိုင်ငံ၊ ဒေသတို့တွင် ကျင့်သုံးလျှက်ရှိသော အလုပ်ချိန်နှင့်သက်ဆိုင်သော ဥပဒေအားလုံးကို လိုက်နာမည်ဖြစ်ပြီး ဝန်ထမ်းများ မတန်တဆအလုပ်လုပ်ရခြင်းမျိုးမဖြစ်ပေါ်စေရန် တားဆီးသွားမည်ဖြစ်သည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းဆောင်ရွက်လျှက်ရှိသောနိုင်ငံ၊ ဒေသတို့တွင် ကျင့်သုံးလျှက်ရှိသည့် လုပ်ခလစာနှင့်ပတ်သက်သည့် ဥပဒေအားလုံးကို လေးစားလိုက်နာမည်ဖြစ်သည်။ နိုင်ငံတိုင်း၏ ဥပဒေစည်းမျဉ်းများကို အခြေခံ၍ အနိမ့်ဆုံးလုပ်အားခကိုသာ လိုက်နာမည်မဟုတ်ပဲ နေထိုင်စားသောက်စရိတ်နှင့်ကိုက်ညီသော မျှတသည့်လုပ်အားခများရရှိနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ပါမည်။

- ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ - ကျွန်ုပ်တို့သည် စီးပွားဖက်မိတ်ဆွေများနှင့် ၎င်းတို့၏ တစ်ဆင့်ခံကန်ထရိုက်များအပါအဝင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်တစ်ခုလုံးကို နားလည်

သဘောပေါက်ရန် အားထုတ်ပါမည်။ ကျွန်ုပ်တို့သည် ဤအခြေခံမူများနှင့်ကိုက်ညီသော စံနှုန်းများ၊ သက်ဆိုင်သည့်ဥပဒေနှင့် စည်းမျဉ်းများအရ လိုအပ်ချက်များအပေါ် ပေးသွင်းသူများ၏ လိုက်နာမှုအခြေအနေကို အကဲဖြတ်အတည်ပြုသွားမည်ဖြစ်သည်။ ထို့အပြင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ် တစ်ခုလုံးတွင် လူ့အခွင့်အရေးလေးစားလိုက်နာမှုကို မြှင့်တင်ရန်အတွက် မတူကွဲပြားသောသက်ဆိုင်သူများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

- ဒေသခံအသိုင်းအဝိုင်းအပေါ် သက်ရောက်မှု - ကျွန်ုပ်တို့သည် အဆာဟိအုပ်စု၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများသည် မြေယာနှင့်ဆိုင်သည့်အခွင့်အရေးများ၊ ရေရရှိမှု၊ ကျန်းမာရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများအပါအဝင် ဒေသခံအသိုင်းအဝိုင်း၏ လူ့အခွင့်အရေးကို ထိခိုက်နိုင်ခြေရှိသည်ဆိုခြင်းကို အသိအမှတ်ပြုပါသည်။ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းကို လေးစားလိုက်နာလျှက်ရှိသည့်အပြင် ကျွန်ုပ်တို့သည် မြေယာရယူသည့်အခါ (ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အသုံးပြုခြင်းအပါအဝင်)၊ IFC လုပ်ဆောင်မှုစံနှုန်းများ၏ သက်ဆိုင်ရာ အပိုင်းများနှင့်အညီ ဥပဒေနှင့်အညီ တရားမျှတစွာညှိနှိုင်းဆွေးနွေးပြီး FPIC (Free, Prior, and Informed Consent ) အခြေခံမူကို လိုက်နာလျှက် မြေယာကိုရယူပါသည်။ ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်းဆောင်ရွက်လျှက်ရှိသော ဒေသခံအသိုင်းအဝိုင်း၏ လူ့အခွင့်အရေးနှင့်သက်ဆိုင်သော တာဝန်များကို ကျေပွန်စေရန်နှင့် ရေရှည်တည်တံ့သောလူ့အဖွဲ့အစည်းကို ပံ့ပိုးကူညီရန် ရည်ရွယ်ထားပါသည်။

## ကုစားမှု ဆောင်ရွက်ချက်များ

နိုင်ငံအသီးသီး၊ ဒေသအသီးသီးတွင် ကျင့်သုံးလျှက်ရှိသည့် ဥပဒေ၊ စည်းမျဉ်းနှင့် လူ့အခွင့်အရေးအခြေခံမူများအပါအဝင် ကုမ္ပဏီတွင်းစည်းမျဉ်းများကို ချိုးဖောက်နိုင်သည်ဟု သတိပြုမိသော သို့မဟုတ် သံသယဖြစ်ဖွယ်တွေ့ရှိရသော ဝန်ထမ်းသည် မိမိ၏ အထက်အရာရှိထံသတင်းပို့နိုင်သည် သို့မဟုတ် သတင်းပေးစနစ်မှတစ်ဆင့် တိုင်ကြားနိုင်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် ပြင်ပရှိ သက်ဆိုင်သူအနေဖြင့် လူ့အခွင့်အရေးအခြေခံမူများကို ချိုးဖောက်မှု သို့မဟုတ် ချိုးဖောက်ဖွယ်ရှိသည့်လုပ်ရပ်များကို ဆက်သွယ်တိုင်ကြားနိုင်သည့်စနစ်ကိုလည်း ထူထောင်ထားပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အဆိုပြုထားသည်များအပြင် တရားစီရင်ရေးဆိုင်ရာ သို့မဟုတ် တရားစီရင်ရေး

ဆိုင်ရာမဟုတ်သော ကုစားမှုနည်းလမ်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပြီး အလားအလာရှိသော လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုများအတွက် တောင်းဆိုနေသူများက အသုံးချနိုင်သော တရားစီရင်ရေး သို့မဟုတ် တရားစီရင်ရေးမဟုတ်သော ကုစားမှုများအား ရယူပိုင်ခွင့်ကိုလည်း ဟန့်တားခြင်းမပြုပါ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုကြောင့် ထိခိုက်နစ်နာသည့် လူတစ်ဦးချင်း၊ သို့မဟုတ် လူ့အသိုင်းအဝိုင်းအတွက် ကုစားမှုနည်းလမ်းကို ရယူခြင်းအခြေအနေတစ်ရပ်အနေဖြင့် ထိခိုက်နစ်နာသူတစ်ဦး သို့မဟုတ် လူ့အသိုင်းအဝိုင်းက အခြားသောတရားစီရင်ရေး သို့မဟုတ် တရားစီရင်ရေးမဟုတ်သော ကုစားမှုများမှတစ်ဆင့် တောင်းဆိုနိုင်သည့် တရားဝင်အခွင့်အရေးကို စွန့်လွှတ်ရန် တောင်းဆိုမည်မဟုတ်ပါ။ ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်၍ လျှို့ဝှက်ထားရမည့်အချက်များ (ဥပမာ-ထုတ်ဖော်မပြောဆိုရေးသဘောတူစာချုပ် အစရှိသဖြင့်) ကို တောင်းဆိုမည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် သဘောရိုးဖြင့် စိုးရိမ်ပူပန်မှုကို ဖော်ထုတ်ခြင်း၊ သို့မဟုတ် စုံစမ်းစစ်ဆေးမှုတွင် ပူးပေါင်းဆောင်ရွက်ခြင်းပြုသူ မည်သူ့ကိုမဆို လက်တုန့်ပြန်ခြင်းအား လက်ခံ မည်မဟုတ်ပါ။ အဆိုပါ သတင်းပေးပို့မှုများ သို့မဟုတ် အသိပေးမှုများသည် အဆာဟိအုပ်စု၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာမှုမြင့်မားစေပြီး သက်ဆိုင်သူများ အချင်းချင်းအကြား အပြန်အလှန်ယုံကြည်မှုကို တိုးပွားစေပါသည်။

## အသိပညာပေးခြင်းနှင့် သင်ကြားပို့ချခြင်း

ကျွန်ုပ်တို့သည် အဆာဟိအုပ်စုအတွင်း လူ့အခွင့်အရေးအခြေခံမှုများကို စိမ့်ဝင်ပြန့်နှံ့စေပြီး ယင်းကို လေးစားလိုက်နာစေရန်အတွက် စီးပွားရေးလုပ်ငန်းဆောင်ရွက်လျှက်ရှိသော နိုင်ငံ၊ ဒေသများတွင် အသုံးပြုလျှက်ရှိသော သင့်လျော်သည့်ဘာသာစကားသို့ လူ့အခွင့်အရေးအခြေခံမှုများကို ဘာသာပြန်ဆိုကာ အားလုံးသော အမှုဆောင်အရာရှိများ၊ ဝန်ထမ်းများအား သင်ကြားပို့ချခြင်းနှင့် အသိပညာပေးခြင်းကို လုပ်ဆောင်ပါမည်။

## စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း

ကျွန်ုပ်တို့သည် လူ့အခွင့်အရေးအခြေခံမှုများအား လေးစားလိုက်နာမှုအခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်မည်ဖြစ်ပြီး လိုအပ်ပါက မြှင့်တင်မှုများလုပ်ဆောင်ပါမည်။ အဆာဟိအုပ်စု၏ ဝက်ဘ်ဆိုက်၊ ပေါင်းစပ်အစီရင်ခံစာများ၊ အခြားသောဆက်သွယ်ရေးနည်းလမ်းများမှတစ်ဆင့် လူ့အခွင့်အရေးအခြေခံမှုများကို ပြန့်နှံ့စေရန်

နှင့် လူ့အခွင့်အရေးလေးစားမှုကို မြှင့်တင်ရန် ကြိုးစားအားထုတ်မှုအခြေအနေများ၏ တိုးတက်မှုများကို ပုံမှန်တင်ပြသွားပါမည်။

အထက်တွင်ဖော်ပြထားသည့် ဤအခြေခံမူများကို အဆာဟိအုပ်စု ဦးပိုင်လီမိတက်၏ ဒါရိုက်တာဘုတ်အဖွဲ့က ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် အတည်ပြုခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်။

Atsushi Katsuki

ကိုယ်စားလှယ်ဒါရိုက်တာ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

အဆာဟိအုပ်စု ဦးပိုင်လီမိတက်